# ကယားပြည်နယ်၊
# အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊
# ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ

**ကယားပြည်နယ်၊ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊**
**ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ**

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း (၁) | အမည်၊ စတင်အာဏာတည်ခြင်း နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂) | ရည်ရွယ်ချက်များ | ၆ |
| ၄။ | အခန်း (၃) | ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | ၇ |
| ၅။ | အခန်း (၄) | အစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက် သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း | ၉ |
| ၆။ | အခန်း (၅) | အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့် | ၁၂ |
| ၇။ | အခန်း (၆) | အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ | ၁၄ |

| | | | |
|---|---|---|---|
| ၈။ | အခန်း (၇) | ကြီးကြပ်ခြင်း | ၁၆ |
| ၉။ | အခန်း (၈) | အာမခံကြေး၊ မြေခွန်နှင့်လိုင်စင်ခွန် | ၁၈ |
| ၁၀။ | အခန်း (၉) | အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်သူများကို ပံ့ပိုးဆောင်ရွက်ခြင်း | ၁၉ |
| ၁၁။ | အခန်း (၁၀) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၂၀ |
| ၁၂။ | အခန်း (၁၁) | အယူခံခြင်း | ၂၄ |
| ၁၃။ | အခန်း (၁၂) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၅ |
| ၁၄။ | အခန်း (၁၃) | အထွေထွေ | ၂၉ |

# ကယားပြည်နယ်၊ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၁၉ )**

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်**

## နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသော အများပြည်သူတို့ အပန်းဖြေ၊ အနားယူ၊ လေ့လာနိုင်စေရေးအတွက် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တို့ကို တည်ထောင်ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကယားပြည်နယ်၊ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

( ခ ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ကယားပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

( င ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာကော်မတီကို ဆိုသည်။

( စ ) **ဦးစီးဌာန** ဆိုသည်မှာ ကယားပြည်နယ်သစ်တောဦးစီးဌာနကို ဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ကယားပြည်နယ်သစ်တောဦးစီးဌာန၊ ရုံးဝန်ထမ်းအကြီးအမှူးကို ဆိုသည်။



( ဇ ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် လွှဲအပ်တာဝန်ပေးသော သစ်တောဦးစီးဌာန၏ မြို့နယ်အကြီးအကဲအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်အထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

( ဈ ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် လွှဲအပ်တာဝန်ပေးသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးအဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်။

(ည) **အပန်းဖြေစခန်းများ** ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခကြေးငွေယူ၍ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် နယ်နိမိတ်သတ်မှတ်ပြီး အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ ပန်းမန်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာစိုက်ပျိုးတည်ထောင်ထားသော နေရာများကို ဆိုသည်။

( ဋ ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေရယူ၍ အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဌ) **ရက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေရယူ၍ အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဍ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့် ပိုးလောင်းများကို ဆိုသည်။

(ဎ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံနွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏မျိုးစေ့များကို ဆိုသည်။

(ဏ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်းပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(တ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောကို ဆိုသည်။



(ထ) **မြေလွတ်မြေလပ်** ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကို ဆိုသည်။

(ဒ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များပေါက်ရောက်လျက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရအဖွဲ့က ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

(ဓ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မတီကဖွဲ့စည်းပေးထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အများပြည်သူ အပန်းဖြေအနားယူ လေ့လာနိုင်ရန်၊

(ခ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(င) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။



## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(ဂ) သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ — အဖွဲ့ဝင်များ

(ဃ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး

၅။ ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကော်မတီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဂ ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊ တိုးချဲ့ပညာပေးခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေးခြင်း၊

( င ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။



## အခန်း (၄)

## အစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်း

၇။ ကော်မတီသည် -

(က) အစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များ သို့မဟုတ် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခွင့်ပြုနိုင်သည်။

( ခ ) သစ်တောနယ်မြေမှအပ အခြားဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

( ဂ ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ်

ရက္ခဗေဒဥယျာဉ် တည်ထောင်လိုပါက တည်ဆဲမြေ သိမ်းယူခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မြေသိမ်းယူရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကြိုတင် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ(က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ် တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာရမည်။

(င) ပုဒ်မခွဲ(က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ် တည်ထောင် မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့ ၏ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက် နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၈။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဒ်မ ၇၊ ပုဒ်မခွဲ (က)အရ တည်ထောင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက် ခြင်းပြုနိုင်သည်။

၉။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ် တည်ထောင်မည့်



နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှု များအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ကို ကော်မတီ၏သဘောတူညီချက်ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၁၀။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာသုတေသနပြု လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာ ခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်အတွင်းသို့ ပတ်ဝန်းကျင်မှ အန္တရာယ် မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိ ကြစေရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက် နိုင်သည်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို အခြား ပြည်နယ်များ၊ တိုင်းဒေသကြီးများရှိ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များဖြင့် အလဲအလှယ်ပြုလုပ် နိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ် အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ကြေညာထားရ မည်။

## အခန်း (၅)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၁၂။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို ပြည်နယ်၏အကျိုးအတွက် အစိုးရအဖွဲ့နှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

( ခ ) ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ တည်ထောင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

( ဂ ) ပုဒ်မ ၁၅ အရ တည်ထောင်ခွင့်ပြုသော ပုဂ္ဂလိက အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုကြောင်း



သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၁၃။ ပုဒ်မ ၁၂ အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၄။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားချက်များနှင့်ညီညွတ်မှု ရှိ/မရှိစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ငြင်းပယ်ခြင်းပြုပါက မည်သည့်အတွက် ငြင်းပယ်ခြင်းပြုကြောင်း အကြောင်းပြန်ကြားရမည်။

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

( ဂ ) လိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၆)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

၁၅။ ကော်မတီသည် ပုဂ္ဂလိကပိုင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ပြုသောအခါ မြေဧရိယာနှင့်စပ်လျဉ်း၍ -

(က) အပန်းဖြေစခန်းဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့် ဧကကို ၇၅ ရာခိုင်နှုန်း အပြည့်အဝဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက၂၀၀၀ အထိ လေးကြိမ်ဖြင့် ခွင့်ပြုနိုင်သည်။

(ခ) တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ရုက္ခဗေဒဥယျာဉ်ဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဃ) အများပြည်သူများကို မိသားစုတစ်နိုင်တစ်ပိုင် တည်ထောင်ဆောင်ရွက်မည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွက် ဧက ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။



၁၆။ ကော်မတီသည် ပုဂ္ဂလိကပိုင် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ပြုရာတွင် အချိန်ကာလနှင့်စပ်လျဉ်း၍ -

(က) အပန်းဖြေစခန်းဖြစ်ပါက စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်းသုံးဆယ်ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခ) တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါက စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်းသုံးဆယ်ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ရုက္ခဗေဒဥယျာဉ်ဖြစ်ပါက စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်းသုံးဆယ်ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၁၇။ ကော်မတီသည် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က သီးခြားဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ဖြစ်စေ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ကိုင်ခွင့် လျှောက်ထားလာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၇)

## ကြီးကြပ်ခြင်း

၁၈။ ကော်မတီသည် -

(က) ပုဒ်မ ၁၂ အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်လျှင် ဖွဲ့စည်းတာဝန်ပေး၍ ယင်း၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

( ခ ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၉။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို လိုအပ်ပါက အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၀။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ဤဥပဒေနှင့်အညီသတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို ဦးစီးဌာနရငွေအဖြစ် သိမ်းဆည်းရမည့်အပြင်



တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၁။ ဤဥပဒေ မပြဋ္ဌာန်းမီ တည်ဆဲဖြစ်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ သစ်တောနယ်မြေပြင်ပတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့် ရရှိထားသောပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၈)

## အာမခံကြေး၊ မြေငှားခနှင့်လိုင်စင်ခွန်

၂၂။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို နှစ်စဉ်ပေးသွင်းရန်သတ်မှတ်ခြင်းနှင့် မြေငှားခနှုန်းထားများကို သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၂၃။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်အတွက် ကောက်ခံမည့် မြေငှားခနှုန်းထားနှင့် လိုအပ်ပါက မြေငှားခကင်းလွတ်ခွင့်ပြုသည့် ကာလကို လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ရမည်။

၂၄။ ဦးစီးဌာနသည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူထံမှ မြေငှားခကို လုပ်ငန်းအမျိုးအစားအလိုက် စည်းကြပ်ကောက်ခံခြင်းပြုရမည်။ လိုအပ်၍ မြေငှားခကင်းလွတ်ခွင့်ပြုထားပါက ယင်းကာလကုန်ဆုံးသည့် နေ့မှစ၍ စည်းကြပ်ကောက်ခံခြင်း ပြုရမည်။

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူ၏ မြေငှားခနှင့် လိုင်စင်ခွန်ပေးသွင်းခြင်းကို ကြီးကြပ်စစ်ဆေးရမည်။



## အခန်း (၉)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူများကို ပံ့ပိုးဆောင်ရွက်ခြင်း

၂၅။ ကော်မတီသည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူက လုပ်ငန်းအတွက် လိုအပ်သောနည်းပညာနှင့် အတတ်ပညာဆိုင်ရာကိစ္စရပ်များကို ဆက်သွယ်တောင်းခံလာလျှင် လိုအပ်သလို ကူညီပံ့ပိုးပေးရမည်။

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်သူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှုအကူအညီရရှိလိုလျှင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံပေးနိုင်သည်။

၂၆။ ကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ ပြီးစီးသည်အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သော တည်ထောင်လုပ်ကိုင်သူများကို ယင်းတို့ပေးသွင်းထားသော အာမခံကြေး ပြန်လည်ထုတ်ပေးရမည်။

၂၇။ ကော်မတီသည် -

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူနှင့်စပ်လျဉ်း၍ တည်ဆဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းထားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ပြုထားသော မြေဧရိယာအတွင်း ယခင်ကတည်းက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော တောင်သူလယ်သမားများရှိပါက ယင်းတို့နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။



## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ ခရိုင်သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ တည်ထောင်သည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်များ သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူကို ဒဏ်ကြေးငွေ ကျပ်တစ်သိန်းထက်မပိုစေဘဲ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

( ခ ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့် ပြုထားသော နေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

( ဂ ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကိုစားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

( င ) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

( စ ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုရိုက်ခြင်း၊

(ဆ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း။

၂၉။ ခရိုင်သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များ သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်သုံးသိန်းထက်မပိုစေဘဲ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) သဘာဝအပင်နှင့်စိုက်ပျိုးထားသော အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း၊

( ခ ) စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၀။ ခရိုင်သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်သည့်အခါ အစိုးရအဖွဲ့က အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက်မရှိဘဲ ထုတ်ယူသည့်ပစ္စည်းများကို သိမ်းဆည်းရမည်။



( ခ ) အပိုဒ်ခွဲ (က) အရ သိမ်းဆည်းသောပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၁)

## အယူခံခြင်း

၃၁။ ခရိုင်သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း ညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်။

၃၂။ ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။



## အခန်း (၁၂)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်လိုင်စင်မရှိဘဲ အပန်းဖြေ စခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အားကစားကွင်းများ၊ ကျန်းမာရေး လေ့ကျင့်ခန်း၊ အားကစားရုံများ၊ အားကစားခန်းမ

များ၊ ရေကူးကန်များ၊ အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်တည်ထောင်ခြင်း၊

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများကျင်းပခြင်း၊

( ဂ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အပင်များစိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံများတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်း၊ ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

( ခ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကို



ဖြစ်စေ၊ ဓာတုပစ္စည်းတစ်ခုခုကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

( ခ ) အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်ယွင်းစေရန် ပြုလုပ်ခြင်း။

၃၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ဦးစီးဌာနသို့ လျော်ကြေးငွေအဖြစ်ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် အဆောက်အအုံ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။



## အခန်း (၁၃)

## အထွေထွေ

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်ကိစ္စရပ်တွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ၊ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသောသက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ လိုအပ်သော အကူအညီတောင်းခံလာလျှင် အကူအညီပေးရမည်။

၄၃။ ဝန်ကြီးဌာနသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ရရန်ရှိသောငွေများကို ကောက်ခံသူအရာရှိအဖြစ် ခရိုင်သစ်တောအရာရှိအား တာဝန်ပေးအပ်ရမည်။

၄၄။ ဤဥပဒေအရ ပေးဆောင်ရန်ရှိသောငွေများကို ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်နေကြောင်းတွေ့ရှိရလျှင် ယင်းငွေများကို ခရိုင်သစ်တောအရာရှိက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် လိုအပ်ပါက စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ခင်မောင်ဦး

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့